FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ စည်းကမ်းချက်များ

## အကျိုးခံစားခွင့်များ

၁။ ရောဂါကြောင့်(သို့မဟုတ်) မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်းအတွက် ဆေးရုံတက်ရက် (၁)ရက်လျှင် (၅,၀၀၀/-)ကျပ် (အများဆုံးရက်ပေါင်း (၆၀)ထိသာ)

၂။ မတော်တဆမှုကြောင့် သေဆုံးခြင်းအတွက် (၅၀၀,၀၀၀/-) ကျပ်

## အကျိုးခံစားခွင့်အကျုံးမဝင်သည့် အချက်များ

၁။ ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသားဖြစ်နေခြင်း၊
၂။ စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း၊
၃။ ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း၊
၄။ သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း၊
၅။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း၊
၆။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သော မျက်မှန်အပါအဝင် မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသ ခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင် ပြုပြင်ရန်ဖြစ်ခြင်း၊
၇။ အလှအပအတွက်ဖြစ်ခြင်း၊
၈။ နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း၊
၉။ ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း၊
၁၀။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၁၁။ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း၊
၁၂။ AIDS/HIV ဖြစ်ခြင်း၊
၁၃။ အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါ အဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှုတစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော၊ အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့်မတော်တဆ ဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)၊
၁၄။ ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃)ရက်နှင့်အောက်ဖြစ်သော ဆေးကုသမှုများ၊
၁၅။ လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ၊
၁၆။ မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း၊

## စည်းကမ်းချက်များ

၁။ အဆိုလွှာပါ ဖော်ပြချက်များတွင် ပေါ့ဆစွာဖော်ပြခြင်း၊ မှားယွင်းစွာဖော်ပြခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် လွဲမှားစွာဖော်ပြခြင်း၊ ထိန်ချန်ခြင်း၊ လိမ်လည်ခြင်းစသည့် မမှန်မကန်ဖော်ပြခြင်းများရှိပါက အကျိုးခံစားခွင့်များ ဆုံးရှုံးမည်။



CALL CENTER 01-9010900

၂။ ပရီမီယံပေးသွင်းသည့် အချိန်မှစ၍ အာမခံသက်တမ်းစပြီး၊ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်နေ့၏ ည(၁၂) နာရီတွင် သက်တမ်းကုန်ဆုံးမည်။

၃။ ဆေးရုံတက်ရောက်ရပါက ဤကုမ္ပဏီသို့ ကြိုတင်အကြောင်းရမည်ဖြစ်ပြီး၊ ဆေးရုံဆင်းသည့်နေ့မှစ၍ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ အကျိုးခံစားခွင့် တောင်းခံရမည်။ ဤကုမ္ပဏီမှ ထပ်မံတောင်းခံသော လိုအပ်ချက်များကို အကျိုးခံစားခွင့်တောင်းခံသူမှ (၃)လအတွင်း တင်ပြနိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။